# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၂၇ - ၁ - ၂၀၁၅ ]

# (အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ မီးဖွားခွင့် ခံစားခြင်းကို ကလေးမိခင်ဖခင်များ ထိရောက်စွာ ခံစားနိုင်စေရန် တိကျသည့်အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမနားနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကန်ပက်လက်မြို့နယ်၊ ရှင်ဘောင်မှ မုလောင်းအထိ လမ်းအပိုင်းနှင့် မုလောင်းမှ မကြားအိမ်နူး၊ လယ်မြို့ချောင်းအထိ (ဆိုင်ကယ်လမ်းဖောက်လုပ်ပြီး)လမ်းအပိုင်းကို ကားလမ်း အဖြစ် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ကလေးမြို့တွင် မြေဂရန်များ ဆက်လက်ချထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ငြိမ်းချမ်းရေး ဖော်ဆောင်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် ယင်း အဖွဲ့အစည်းတို့နှင့် ဆက်စပ်နေသော တိုင်းရင်းသားများက ယင်းတို့နယ်မြေ အတွင်း နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန်အတွက် လာရောက်ကြသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို တားဆီးခြင်းအပေါ် မည်သို့ညှိနှိုင်းပေးမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်သား ကိုယ်စားလှယ်၏ **ရထားလမ်းသစ် စီမံကိန်းများတွင် Standard Guage စနစ်ဖြင့် စတင်ပြင်ဆင် ဖောက်လုပ် သွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဒေါက်တာစိုင်းဆိုင်ကျော့ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ကျိုင်းတုံ - မိုးနဲ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်အား သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။